Burmese


Government of **Western Australia**
**Child and Adolescent Health Service**

# ADHD အတွက် ဆေးစတင်သောက်သုံးခြင်း

**အကျဉ်းချုပ်**

- အချို့မိဘများသည် ၎င်းတို့ကလေး ADHD ဆေးစသောက်ခြင်းကို စိုးရိမ်ကြသည်။
- သင့်ကလေးသည်လည်း စိုးရိမ်နေနိုင်ပါသည်။
- ဤဆေးများသည် ဘေးကင်းပြီး အများအားဖြင့် ကလေးကို ကူညီပေးမည်ဖြစ်ကြောင်း သိထားရန် အရေးကြီးသည်။
- ADHD ဆေးဝါးများသည် သင့်ကလေးအား မည်ကဲ့သို့ ကူညီပေးနိုင်ပြီး မည်သို့ ခံစားရနိုင်သည်ကို ဆွေးနွေးပါ။

## သင့်ကလေးကို မည်သို့ပြောပြမည်နည်း။



ADHD ဆိုတာ ဘာလဲနှင့် ၎င်းမှ ဦးနှောက်၏အလုပ်လုပ်ပုံအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိသည်ကို သင့်ကလေး နားလည်စေရန် အရေးကြီးပါသည်။ ADHD အကြောင်းပြောသောအခါ အပြန်အလှန်ပြောဆိုခြင်းကို အပြုသဘောဆောင်ပြီး ၎င်းတို့၏ အားသာချက်များကို သင့်ကလေးအား သတိပေးပါ။

- ၎င်းတို့၏ဦးနှောက်အလုပ်လုပ်ပုံကို ပြောပြသည့်အခါ သင့်ကလေးအသုံးပြုသည့်စကားလုံးများကို သုံးပါ။ ဥပမာ- "သား/သမီးရဲ့ဦးနှောက်က အာရုံမစိုက်နိုင်ဘူးလို့ တစ်ခါတလေပြောတာကို မှတ်မိလား။ အဲဒါက ဘာကြောင့်လဲဆိုတော့ အခြားသူများရဲ့ဦးနှောက်နှင့် အနည်းငယ် ကွာခြားနေလို့ပေါ့။ အဲဒါကို ADHD လို့ခေါ်တယ်။"
- ဆေးသောက်လျှင် မည်သို့ဖြစ်လာမည်ကို ရှင်းပြရန် ရိုးရှင်းသောစကားလုံးများကိုသုံးပါ။ ဥပမာအားဖြင့်၊ "ဒီဆေးက ဦးနှောက်ရဲ့ အစိတ်အပိုင်းအားလုံးကို အတူတကွ အလုပ်လုပ်ဖို့ ကူညီပေးပါလိမ့်မယ်။ အဲဒါက သား/သမီးကို အာရုံစူးစိုက်စေပြီး အသစ်အသစ်တွေ သင်ယူဖို့ ကူညီပေးပါလိမ့်မယ်။"
- သင့်ကလေးအား ဆေးသောက်ပြီး ဘယ်လို အကျိုးခံစားရသည်ကို ပြန်ပြောပြရန် တိုက်တွန်းပါ။ ဆေးစသောက်သောအခါတွင် ခံစားချက် အနည်းငယ်ထူးခြားခြင်းမှာ ပုံမှန်ဖြစ်ကြောင်း ရှင်းပြပေးပါ။ ဆေးအာနိသင် ချက်ချင်းမပြနိုင်ကြောင်းနှင့် ဆေးအထောက်အကူဖြစ်မဖြစ်သိရန် ရက်သတ္တပတ်အနည်းငယ်ကြာနိုင်ကြောင်းလည်း သူတို့အား ပြောပြနိုင်ပါသည်။

## ADHD အတွက် ဆေးသောက်ခြင်း

ADHD အတွက် ဆေးကို နေ့စဉ် အချိန်တချိန်တည်းတွင် သောက်သောအခါတွင် အကောင်းဆုံး အကျိုးသက်ရောက်ပါသည်။ ကလေးဆေးသောက်ရန် လိုအပ်ချိန်ကို သင့်အား ဆရာဝန်က ပြောပြလိမ့်မည်။

သင့်ကလေးအား ဆေးတိုက်ရန် သတိရစေဖို့အတွက် နေ့စဉ်သတိပေးချက်တစ်ခုကို အသုံးပြုပါ။ ဆေးသောက်ရန် သတိရဖို့အတွက် အသက်ကြီးသောကလေးများအား တာဝန်အချို့ပေးပါ။

သင့်ကလေး ဆေးအသစ် စသောက်သောအခါ-

- ပထမရက်သတ္တပတ်အနည်းငယ်အတွင်း သင်သည် ဆေးသောက်ချိန်မှတ်တမ်းဒိုင်ယာရီကို သိမ်းဆည်းရန်လိုပေမည်။ ဆေး၏ အာနိသင်များ (အကောင်းနှင့်အဆိုး) ကို ချရေးပါ။ သင့်ကလေးအား မည်သို့ခံစားရသည်ကို မေးဖို့ မမေ့ပါနဲ့။
- ဆေးစသောက်သည့်အခါ ၎င်းတို့၏ ဆရာ/မကို အသိပေးပါ။ သို့မှသာ သင့်ကလေး ကျောင်းတွင် မည်သို့တုံ့ပြန်ပုံနှင့် ဘေးထွက်ဆိုးကျိုးများရှိမရှိကို ဆရာ/မက သတိပြုမိနိုင်မည်ဖြစ်သည်။

တစ်ခါတစ်ရံတွင် ကလေးများသည် ဆေးသောက်ရန် ငြင်းဆန်နိုင်သည်။ သင့်ကလေးအား ဤနည်းဖြင့် သင်ကူညီပေးနိုင်သည်-

- သင်ကိုယ်တိုင် အပြုသဘောဆောင်ရှက်ခြင်း
- သင့်ကလေးအား သင်၏ကြီးကြပ်မှုဖြင့် ဆေးကို ကိုယ်တိုင်သောက်စေခြင်း
- သင့်ကလေးကို ဆေးသောက်ရန် အချိန်ပေးခြင်း
- သင့်ကလေးကို ဆေးသောက်ရန် မည်သည့်အခါမျှအတင်းအကျပ် မလုပ်မိခြင်း။

## သင့်ကလေး၏ဆရာဝန်နှင့် ဆွေးနွေးခြင်း

- သင့်ကလေး၏ဆရာဝန်သည် ADHD ဆေးစသောက်ခြင်းအကြောင်း ဆွေးနွေးမှုတွင် သင်ရော သင့်ကလေးနှင့်ပါ ပါဝင်လိမ့်မည်ဖြစ်သည်။
- သင့်ကလေးအား ဆေးဝါးက မည်သို့အထောက်အပံ့ပေးကြောင်း စစ်ဆေးရန် ဆရာဝန်ထံ ပုံမှန်သွားရောက်ပြသရန် လိုအပ်ပါသည်။
- ဆေးအကြောင်း ဆရာဝန်နှင့် ဆွေးနွေးပြီး မေးခွန်းများ မေးရန် သင့်ကလေးကို တိုက်တွန်းပါ။
- သင့်ကလေးသည် ဆေးပြားများကို မျိုချရန် စိုးရိမ်နေပါက မည်ကဲ့သို့ လွယ်ကူအောင် ပြုလုပ်နိုင်ပုံကို ဆရာဝန်နှင့် ဆွေးနွေးပါ။
- သင် သို့မဟုတ် သင့်ကလေး သတိပြုမိသော ဆေး၏ဘေးထွက်ဆိုးကျိုးများအကြောင်း ကလေး၏ဆရာဝန်နှင့် အမြဲဆွေးနွေးပါ။

ကလေးငယ်များ လက်လှမ်းမမီနိုင်စေရန် ဆေးဝါးများကို အမြဲလုံခြုံစွာ သိမ်းဆည်းထားရန် သတိရပါ။

## အရင်းအမြစ်များ-

- ဆေးဝါးအကြောင်း – ဗီဒီယို အရင်းအမြစ် | ကလေးနှင့် ဆယ်ကျော်သက် ကျန်းမာရေးဝန်ဆောင်မှု
- ADHD အကြောင်း မိသားစုဆွေးနွေးမှုများ – ဗီဒီယို အရင်းအမြစ် | ကလေးနှင့် ဆယ်ကျော်သက် ကျန်းမာရေးဝန်ဆောင်မှု
- ရှုပ်ထွေးသော ADHD ဝန်ဆောင်မှုစာအုပ်ငယ် – အခန်း ၇ | ကလေးနှင့် ဆယ်ကျော်သက်ကျန်းမာရေးဝန်ဆောင်မှု
- သင့်ကလေးအား ၎င်းတို့၏ ADHD အကြောင်း မည်သို့ရှင်းပြမည်နည်း | သြစတြေးလျ ADHD ပညာရှင်များအသင်း

ဤထုတ်ဝေမှုသည် အထွေထွေပညာပေးနှင့် သတင်းအချက်အလက်ဆိုင်ရာ ရည်ရွယ်ချက်များအတွက် ထုတ်ဝေခြင်းဖြစ်သည်။ ဆေးဘက်ဆိုင်ရာအကြံဉာဏ်များလိုအပ်ပါက အရည်အချင်းပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်သူထံ ဆက်သွယ်ပါ။
©State of Western Australia, Child and Adolescent Health Service, June 2025